(ရုံးချုပ်)

ဘဏ္ဍာရေးဝန်ကြီးဌာန

မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း

ညွှန်ကြားချက်အမှတ် ၊ ၁/၂၀၁၄

နေပြည်တော် ၊ ၁၃၇၆ ခုနှစ် ဝါခေါင်လဆန်း ( ၁၁ ) ရက်

၂၀၁၄ ခုနှစ် ၊ ဩဂုတ် လ ( ၆ ) ရက်

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၁၁ ၊ ပုဒ်မခွဲ (ခ)အရ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ လိုက်နာ ကျင့်သုံးရန် Chart of Account ( CoA ) စာရင်းများ သတ်မှတ်ပေးခဲ့ပါသည် ။ အဆိုပါစာရင်းများ အသုံးပြုရာတွင် လိုအပ်လျက်ရှိသော ချေးငွေအတန်းအစား ခွဲခြားခြင်းနှင့် ချေးငွေဆုံးရှုံးမှု အန္တရာယ်အတွက် လျာထား ဆောင်ရွက်သတ်မှတ်ခြင်းများအား မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ် စစ်ဆေးရေးလုပ်ငန်းသည် ဤညွှန်ကြားချက်အမှတ် ၊ ၁/၂၀၁၄ ဖြင့် ထုတ်ပြန်လိုက်သည်။

၂။ ၁၆ - ၇ - ၂၀၁၄ ရက်နေ့တွင် ကျင်းပသော အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၏ အစည်းအဝေး အမှတ်စဉ် ( ၅ /၂၀၁၄ )ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် ၄-၈-၂၀၁၄ ရက်နေ့တွင် ကျင်းပသော အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၄) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအရ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် အောက်ပါစည်းမျဉ်းသတ်မှတ်ချက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရန် သတ်မှတ်လိုက်သည်-

(က) **ချေးငွေအရင်းပေးဆပ်မှု နောက်ကျခြင်း သတ်မှတ်ချက်များ။** ၁ ရက် ၊ ရက် ၃၀ ၊ ရက် ၆၀ ၊ ရက် ၉၀ များအတွက် ချေးငွေလက်ကျန် ဆုံးရှုံးနိုင်မှု PAR ( Portfolio at Risk ) တန်ဖိုးကို တစ်လလျှင် တစ်ကြိမ်ကျ စနစ်ဖြင့် အစီရင်ခံတင်ပြရန် အောက်ပါအတိုင်း သတ်မှတ်ပါသည်-

(၁)

$$\text{တစ်ရက် နောက်ကျချေးငွေ} = \frac{\text{၁ ရက်ထက်ကျော်လွန်သွားသော ကျန်ရှိချေးငွေပမာဏ}}{\text{ကျန်ရှိချေးငွေစုစုပေါင်း}}$$

$$\text{PAR (1)} = \frac{\text{Amount of loan outstanding overdue by 1 day}}{\text{Total loans outstanding}}$$

(၂)

$$\text{၃၀ ရက် နောက်ကျချေးငွေ} = \frac{\text{၁ ရက်ထက်ကျော်လွန်သွားသော်လည်း ၃၀ ရက်ထက် မလွန်သေးသော ကျန်ရှိချေးငွေပမာဏ}}{\text{ကျန်ရှိချေးငွေစုစုပေါင်း}}$$

| ကြွေးဆပ်ရန်လွန်သောနေ့များ | အမျိုးအစား |
|---|---|
| လက်ရှိအချိန် | သာမန် |
| ရက် ၃၀ အထိ | သာမန်အောက် |
| ၃၁ ရက်မှ ရက်ပေါင်း ၆၀ ထိ | အဆင့်နိမ့် |
| ၆၁ ရက်မှ ရက်ပေါင်း ၉၀ ထိ | ဆုံးရှုံးမှုဖြစ်နိုင်ခြေ |
| ၉၁ ရက်ထက်ကျော်လွန် | ဆုံးရှုံးခြင်း |

(၂) ၁ လထက် နည်းသော အရစ်ကျစနစ်ဖြင့် ( သို့မဟုတ် ) အခြားပေးဆပ်ရန် အစီအစဉ်ဖြင့် ပေးဆပ်ရမည့် ချေးငွေများကို အောက်ပါအတိုင်း အမျိုးအစား ခွဲခြားရမည်-

| ကြွေးဆပ်ရန်လွန်သောနေ့များ | အမျိုးအစား |
|---|---|
| လက်ရှိအချိန် | သာမန် |
| ရက်ပေါင်း ၁၅ ရက် အထိ | သာမန်အောက် |
| ၁၆ ရက်မှ ရက်ပေါင်း ၃၀ ထိ | အဆင့်နိမ့် |
| ၃၁ ရက်မှ ရက်ပေါင်း ၄၅ ထိ | ဆုံးရှုံးမှုဖြစ်နိုင်ခြေ |
| ၄၆ ရက်ထက်ကျော်လွန် | ဆုံးရှုံးခြင်း |

(ဂ) **ချေးငွေဆုံးရှုံးမှုအတွက် ကြိုတင်လျာထားခြင်း။** အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အသေးစားချေးငွေ ရင်းနှီးမြှုပ်နှံမှုတွင် ချေးငွေဆုံးရှုံးမှုများကို ကာမိစေရန် အထူးသီးသန့် လျာထားငွေများ၏ ပမာဏကို ဆုံးဖြတ်အတည်ပြုရန် တာဝန်ရှိသည်။ အနည်းဆုံးအားဖြင့် ချေးငွေဆုံးရှုံးခြင်းအတွက် လျာထားငွေများကို အောက်ပါအတိုင်း အမျိုးအစားခွဲခြားရမည်-

| အမျိုးအစား | လျာထားခြင်း |
|---|---|
| သာမန်ဆုံးရှုံးနိုင်ခြေ | ၂ % |
| သာမန်အောက် | ၁၀ % |
| အဆင့်နိမ့် | ၅၀ % |
| ဆုံးရှုံးမှုဖြစ်နိုင်ခြေ | ၇၅ % |
| ဆုံးရှုံးခြင်း | ၁၀၀ % |

(ဃ) **အတွင်းစာရင်းစစ် ( Internal Audit )ခန့်ထားခြင်း။** အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအား အတွင်းထိန်းချုပ်မှုစနစ် ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အရေးပါသော အတွင်းစာရင်းစစ် ( Internal Audit ) ခန့်ထားနိုင်ရေး အောက်ပါအတိုင်း သတ်မှတ်ပါသည်-

(၁) အနည်းဆုံး တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ခြင်း ၊ စာရင်းကိုင် / စာရင်းစစ်လက်မှတ်ရရှိသူဖြစ်ခြင်း ၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ညွှန်ကြားချက်အမှတ် ၊ ၁/၂၀၁၄

နေပြည်တော်၊ ၁၃၇၅ ခုနှစ် ပြာသိုလဆန်း ( ၁၄ ) ရက်

၂၀၁၄ ခုနှစ် ဇန်နဝါရီလ ( ၁၄ ) ရက်

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၆၈ ၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသည် ဤညွှန်ကြားချက်အမှတ် ၊ ၁ / ၂၀၁၄ ကို ထုတ်ပြန်လိုက်သည်။

၂။ ၁၇-၅-၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ ၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၃) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ၂၃-၉-၂၀၁၃ရက်နေ့တွင် ကျင်းပသော အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၂/၂၀၁၃) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအရ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသည် အောက်ပါ စည်းမျဉ်းသတ်မှတ်ချက်များအား တိကျစွာ လိုက်နာ ဆောင်ရွက်ရန် သတ်မှတ်လိုက်သည်-

(က) ထုတ်ချေးနိုင်သည့်ချေးငွေအရွယ်အစား ။ အသေးစားငွေရေးကြေးရေးအဖွဲ့ အစည်းများမှထုတ်ချေးနိုင်သည့် ချေးငွေအရွယ်အစား(Loan Size) အား ကျပ်ငွေ ၅ သိန်းထက် ပိုမိုထုတ်ချေးခြင်း မပြုရန်၊

(ခ) အပ်ငွေလက်ခံသောအသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအတွက် ငွေပေး ချေနိုင်မှု အချိုးသတ်မှတ်ချက်။ အပ်ငွေလက်ခံသော အသေးစားငွေရေးကြေး ရေးအဖွဲ့အစည်းများ၏ ငွေပေးချေနိုင်မှုအချိုး (Solvency Ratio)အား၁၅ ရာခိုင်နှုန်း ထက် လျော့နည်းမှု မရှိစေရေး အစဉ်ထိန်းသိမ်းဆောင်ရွက်ရန်၊

ရှင်းလင်းချက် ။ စုစုပေါင်း မတည်ငွေရင်း ပိုင်ဆိုင်မှု (Total Equity) တွင် ထည့်ဝင်ပြီး မတည်ငွေရင်း၊ မတည်ငွေရင်းပိုင်ဆိုင်မှုအတွက် ပရီမီယံကြေး ( ရှယ်ယာ အရင်းအနှီးအတွက် ပရီမီယံ ပိုင်ဆိုင်ခွင့် )၊ လျှာဒါန်းထားသော မတည် ငွေရင်း ၊ အမျိုးမျိုးသော ငွေကြေးရင်းနှီးမြှုပ်နှံမှုစာချုပ်များ ၊ အရန်ငွေများ ၊ ထိန်းသိမ်းထား သောအမြတ်ငွေများ ၊ လက်ရှိနှစ်၏ အသားတင်ဝင်ငွေတို့ပါဝင်သည်။

$$\text{ငွေပေးချေနိုင်မှုအချိုး} = \frac{\text{စုစုပေါင်းမတည်ငွေရင်းပိုင်ဆိုင်မှု}}{\text{စုစုပေါင်းရပိုင်ခွင့်}} \geq ၁၅\%$$

$$\text{Solvency Ratio} = \frac{\text{Total Equity}}{\text{Total Assets}} \geq 15\%$$

(ဂ) အပ်ငွေလက်ခံသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအတွက် ငွေဖြစ်လွယ်မှု အချိုးသတ်မှတ်ချက်။ အပ်ငွေလက်ခံသော အသေးစားငွေရေး ကြေးရေး အဖွဲ့အစည်းများ အတွက် ငွေဖြစ်လွယ်မှုအချိုး ( Liquidity Ratio ) အား ၃၀ ရာခိုင်နှုန်းထက် လျော့နည်းမှု မရှိစေရေး အစဉ် ထိန်းသိမ်းဆောင်ရွက်ရန်။

ရှင်းလင်းချက် ။ အပ်ငွေလက်ခံသော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း၏ ငွေဖြစ်လွယ်မှုအချိုး တွက်ချက်ရာတွင် အသင်းသားများ၏ လက်ရှိဆန္ဒအလျောက် အပ်နှံငွေ စုစုပေါင်းပမာဏပေါ်တွင် မူတည်၍ လက်ရှိငွေသား နှင့် ဘဏ်ရှိငွေသား နှစ်ရပ်ပေါင်းထားရှိရမည့် ပမာဏကို တွက်ချက်ရန် ဖြစ်သည်။

$$\text{ငွေဖြစ်လွယ်မှုအချိုး} = \frac{\text{လက်ရှိငွေသား + ဘဏ်ရှိငွေသား}}{\text{လက်ရှိဆန္ဒအလျောက်အပ်နှံငွေစုစုပေါင်း}} \geqslant ၃၀\%$$

$$\text{Liquidity Ratio} = \frac{\text{Cash in hand + Cash in bank}}{\text{Total Voluntary Deposits Outstanding}} \geqslant 30\ \%$$

(ဃ) **အရစ်ကျငွေပေးချေမှုစနစ်ဖြင့်ပစ္စည်းများဝယ်ယူခြင်း။** အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ပစ္စည်းများ ဝယ်ယူပေးခြင်း ဝန်ဆောင်မှုအား လယ်ယာသုံးပစ္စည်းများ ၊ အသေးစား ကုန်ထုတ်ကိရိယာများမှလွဲ၍ ဆောင်ရွက်ခြင်းမပြုရန်။

၃။ အထက်ပါ သတ်မှတ်ချက်များကို ဈေးကွက်အခြေအနေနှင့်အညီ လိုအပ်ပါက ပြင်ဆင် သတ်မှတ်ပေး သွားမည် ဖြစ်သည်။

ဝင်းရှိန်
ဥက္ကဋ္ဌ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက - ၁ / ၆ ( ၄၆၄ / ၂၀၁၄ )
ရက် စွဲ ၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်

ဖြန့်ဝေခြင်း

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီဝင်များအားလုံး
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
လွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့အားလုံး
အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်လိုသော အဖွဲ့အစည်းအားလုံး
ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်

အမိန့်အရ

(ဝင်းအောင် )
အတွင်းရေးမှူး
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ